KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

## တပ်မတော်စစ်သားနှစ်ဦးမှနော်မူနော်အားပစ်သတ်ခဲ့သည့်အပေါ်သဘောထားထုတ်ပြန်ချက်

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် စစ်ကွပ်ကဲအခြေစိုက် (စကခ) အမှတ် (၈) လက်အောက်ခံ၊ ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၄၀၉) တပ်သားနှစ်ဦးမှ လက်နက်အပြည့်အစုံဖြင့်ရွာထဲဝင်သွားပြီး မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ပိုလိုးထကျေးရွာနေ နော်မူနော်ကိုပစ်သတ်ခဲ့သည်။

အဆိုပါစစ်သားနှစ်ဦးဖြစ်သူ သန်းမိုးလွင်နှင့်အေးမင်းထွန်းတို့သည် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေ့မနက်တွင် ၎င်းတို့၏စခန်းဖြစ်သော ခူးသူ့ထစခန်းမှထွက်လာခဲ့ပြီး ပိုလိုးထရွာသို့ဝင်လာခဲ့သည်။ ရွာတွင်းရှိဘုန်းကြီးကျောင်းတွင်နေ့လည်စာစားခဲ့ပြီး ၎င်းတို့နှစ်ဦးမှနော်မူနော်အိမ်သို့ အိတ်တောင်းရန်သွားခဲ့သည်။ နော်မူနော်မှ သူမတွင်ရှိသောအိတ်များသည် ဒညင်းသီးများနှင့်ပြည့်နေသည်ဟုဆိုခဲ့သည်။ တစ်ချိန်တည်းတွင် ထိုစစ်သားထဲမှတစ်ဦးသည်ပါလာသောရိုင်ဖယ်သေနတ်ကိုမောင်းတင်ပြီး နော်မူနော်အား ၃ ချက်ပစ်ခတ်ခဲ့သဖြင့် အခင်းဖြစ်ပွားရာနေရာတွင်သေဆုံးသွားခဲ့သည်။ ထိုစစ်သားနှစ်ဦးမှ နော်မူနော်ဝတ်ဆင်ထားခဲ့သောဆွဲကြိုးတစ်ကုံးနှင့် နားကပ်တစ်ရံကိုချွတ်ယူခဲ့ပြီး ရွာထဲမှထွက်သွားခဲ့သည်။ ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီးနောက်တစ်ရက်မှ၎င်းတို့နှစ်ဦးစခန်းသို့ပြန်သွားခဲ့သည်။

နော်မူနော်သည်သူမသေဆုံးချိန်တွင် ၎င်း၏အမျိုးသားနှင့် သားသမီး ၃ ဦး (အသက် ၁၈ နှစ်အရွယ် သမီးတစ်ဦး၊ အသက် ၁၅ နှစ် အရွယ် သားတစ်ဦးနှင့် အသက် ၁၂ နှစ်အရွယ်သားတစ်ဦး) တို့ကျန်ရစ်ခဲ့သည်။

ဤသတ်ဖြတ်မှုသည် သီးခြားဖြစ်စဉ်တစ်ခုမဟုတ်သောကြောင့် ငြိမ်းချမ်းရေးလမ်းစဉ်နှင့် ရွာသားများ၏ယုံကြည်မှုအားနည်းသောငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆိုးရွားစွာထိခိုက်စေမည်ဖြစ်သည်။ ၂၀၂၀ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် တပ်မတော် ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၃၃၈) မှ KNU ၏သစ်တောဌာန ဝန်ထမ်းတစ်ဦးကို မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မယ်ဝေကျေးရွာတွင် ပစ်သတ်ခဲ့သည်။ ၂၀၂၀ခုနှစ်၊ မတ်လ ၃၁ရက်နေ့တွင် ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၃၀)မှ စစ်သားများသည် မိသားစုအတွက် စားစရာနှင့် ရိက္ခာများသယ်ယူလာသောဒေသခံရွာသားအုပ်စုနှစ်ဖွဲ့ကို လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စုတွင် ပစ်ခတ်ခဲ့သောကြောင့် ကရင်ရပ်ရွာခေါင်းဆောင်တစ်ဦးအား ထိမှန်သေဆုံးသွားခဲ့သည်။

ဤဖြစ်စဉ်များသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ၏ “*အရပ်သားများကို အကာအကွယ်ပေးခြင်း* “အခန်းအောက်ရှိ အပိုဒ် ၉ (ခ) ဖြစ်သော တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် *“ပြည်သူလူထုအား လူတစ်ဦးတစ်ယောက်၏ဂုဏ်သိက္ခာကို ထိပါးစေသည့်လုပ်ရပ် အကြမ်းဖက်ခြင်း၊ ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ လူသားမဆန်စွာဆက်ဆံခြင်း၊ အကျဉ်းချခြင်း၊ သတ်ဖြတ်ခြင်းနှင့် ဖျောက်ဖျက်ခြင်းမပြုလုပ်ရ”* ဟူသောအချက်ကို တိုက်ရိုက်ချိုးဖောက်နေသည်။ မြန်မာအစိုးရနှင့် တပ်မတော်တို့သည် ကျူးလွန်သူစစ်သားများကို တရားဥပဒေအတိုင်းစီရင်မှုမရှိခြင်းသည် ၎င်းတို့မှ NCA ပါအချက်များကိုချိုးဖောက်သည့် တပ်သားများကိုအရေးယူရန် ဆန္ဒမရှိကြောင်း ဖော်ပြနေသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့မှ နော်မူနော်အားသတ်ဖြတ်ခြင်းကို လုံးဝရှုတ်ချပါသည်။ တပ်မတော်နှင့် မြန်မာအစိုးရတို့သည် NCA အောက်တွင်ရှိသည့် ၎င်းတို့၏တာဝန်ဝတ္တရားများကို ကျေပွန်အောင်လုပ်ဆောင်ပြီး နော်မူနော်အားသတ်ဖြတ်မှုတွင်တာဝန်ရှိသူများအား တာဝန်ခံမှုရှိစေရမည်။

ကရင်လူ့အခွင့်အရေးအဖွဲ့မှ တပ်မတော်နှင့်မြန်မာအစိုးရတို့သည် ဤကျူးလွန်မှုများကို အရေးပေါ်ကိစ္စရပ်တစ်ခုအဖြစ် လွတ်လပ်သော၊ လျင်မြန်သော၊ သက်ရောက်မှုရှိသော စုံစမ်းစစ်ဆေးရေးတစ်ရပ်ကိုပြုလုပ်ပြီး ကျူးလွန်သူများကို မျှတပြီးလွတ်လပ်သောတရားရေးဖြင့်အရေးယူရန် တောင်းဆိုအပ်ပါသည်။

ဆက်သွယ်ရန်

စောနန္ဒဆူး – +95(0) 977 675 3790

နော်ထူးထူး – +66 (0) 87 205 1856